**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၄၅၃ /၂၀၂၁**

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲ (ဇ) နှင့် ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ) တို့ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာသက်ရောက်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤအမိန့်ကို **"ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်"** ဟု ခေါ်တွင်စေရမည်၊

(ခ) ဤအမိန့်သည် ထုတ်ပြန်ပြီး ရက်ပေါင်း ၁၈၀ ပြည့်မြောက်သည့်နေ့မှ စတင် အာဏာသက်ရောက်စေရမည်။

၂။ ဤအမိန့်ပါ စကားရပ်များသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေပါ စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည့်အပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဆေးလိပ်ထုပ်သေး** ဆိုသည်မှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို အရေအတွက်၊ အလေးချိန်၊ ထုထည် သို့မဟုတ် ပမာဏ သတ်မှတ်ထည့်သွင်း၍ ပထမအဆင့် ထုပ်ပိုးထားသည့် ဆေးလိပ်ထုပ်ကို ဆိုသည်၊

(ခ) **ဆေးလိပ်ထုပ်ကြီး** ဆိုသည်မှာ ဆေးလိပ်ထုပ်သေးများ စုစည်းထည့်သွင်း ထပ်မံ ထုပ်ပိုးထားသည့် ကာတွန်း၊ အတောင့်၊ အစည်း၊ အထုပ်၊ ဘူး၊ ပုံး စသည့် ဆေးလိပ်ထုပ်ကို ဆိုသည်၊

(ဂ) **စီးကရက်ဘူး** ဆိုသည်မှာ စီးကရက်အလိပ် ၂၀ ထည့်သွင်းထုပ်ပိုးထားသော ဆေးလိပ်ထုပ်သေးကို ဆိုသည်၊

(ဃ) **စီးကရက်တောင့်** ဆိုသည်မှာ စီးကရက်ဘူး ၁၀ ဘူး ကို စုစည်းထည့်သွင်း ထုပ်ပိုးထားသည့် ဆေးလိပ်ထုပ်ကြီးကို ဆိုသည်၊

(င) **ဆေးလိပ်ပတ်** ဆိုသည်မှာ သနပ်ဖက်၊ ပြောင်းဖူးဖက်၊ ကြံဖက်၊ သတင်းစာစက္ကူ အစရှိသည့် အရာများဖြင့် ပြုလုပ်ထားသည့် ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်နှင့် အလားတူဆေးလိပ်ကို အရင်းဘက် သို့မဟုတ် အစီခံဘက်တွင် ရစ်ပတ်ထားသည့် သေးငယ်သော စက္ကူပတ် သို့မဟုတ် အလားတူပစ္စည်းကို ဆိုသည်၊

(စ) **စီးကရက်ဘူး၏ အတွင်းကော်လာ** ဆိုသည်မှာ စီးကရက်ကို ထုပ်ပိုးထားသည့် အပြင်ဘက်မျက်နှာပြင်၏ အစိတ်အပိုင်းဖြစ်ပြီး၊ အဖုံးပိတ်ထားပါက မမြင်နိုင်သည့် အပိုင်းကို ဆိုသည်၊

(ဆ) **လက်လီရောင်းချသောဆေးလိပ်ထုပ်** ဆိုသည်မှာ ဝယ်ယူစားသုံးသူအား တိုက်ရိုက် ရောင်းချရန် ရည်ရွယ်ထုပ်ပိုးထားသည့် ဆေးလိပ်ထုပ်သေး သို့မဟုတ် ဆေးလိပ်ထုပ်ကြီးကို ဆိုသည်၊

(ဇ) **အမှတ်တံဆိပ်ဖော်ပြခြင်း** ဆိုသည်မှာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း တစ်မျိုးမျိုးကို သိရှိနိုင်ရန်အလို့ငှာ တစ်နည်းနည်းဖြင့် ပြုလုပ်ဖော်ပြထားသော အမှတ်တံဆိပ်၊ သတ်မှတ်ထားသော သတိပေးစာတန်း၊ သတိပေးချက်များနှင့် ထုတ်ကုန်ဆိုင်ရာ ကြော်ငြာစာသားတို့ကို ဆေးလိပ် သို့မဟုတ် ဆေးရွက်ကြီးထွက် ပစ္စည်းပေါ်တွင်ဖြစ်စေ၊ လက်လီရောင်းချသော ဆေးလိပ်ထုပ်ပေါ်တွင်ဖြစ်စေ တစ်နည်းနည်းဖြင့်ဖော်ပြခြင်း၊ တွဲကပ်ချိတ်ဆွဲဖော်ပြခြင်း သို့မဟုတ် အခြားပစ္စည်း များ ထည့်သွင်းပူးတွဲခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကြော်ငြာရန်နှင့် အရောင်းမြှင့်တင်ရန်အလို့ငှာ အခြားပစ္စည်းများ ထည့်သွင်းခြင်း၊ ပူးတွဲခြင်းများ လည်း အကျုံးဝင်သည်၊

(ဈ) **ထုပ်ပိုးပစ္စည်း** ဆိုသည်မှာ ဆေးလိပ် သို့မဟုတ် ဆေးရွက်ကြီးထွက်ပစ္စည်းတစ်မျိုး မျိုးကို ထည့်သွင်းထုပ်ပိုးထားသည့် ဖုံးအုပ်ပစ္စည်း၊ ရစ်ပတ်ပစ္စည်း၊ ထည့်စရာ ပစ္စည်း၊ အထုပ်၊ အိတ်ငယ်၊ သံဖြူဖြင့်လုပ်ထားသည့်ဘူး သို့မဟုတ် အခြားပစ္စည်း

တစ်မျိုးမျိုးဖြစ်ပြီး လက်လီရောင်းချရာတွင် ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသားများ အပါအဝင် အမှတ်တံဆိပ်ဖော်ပြခြင်းကို ၎င်းပေါ်တွင်ဖြစ်စေ၊ အတွင်းတွင်ဖြစ်စေ ထည့်သွင်းပူးတွဲ၍ဖြစ်စေ ပြုလုပ်နိုင်သည့် ပစ္စည်းကိုဆိုသည်။

## အခန်း (၂)
## သက်ဆိုင်ခြင်း

၃။ ဤအမိန့်သည် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ် စသည့် ဆေးလိပ်အမျိုးမျိုး၊ ဆေးပေါင်း၊ နှပ်ဆေး၊ ကွမ်းစားဆေး အပါအဝင် ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းချခြင်းတို့နှင့် သက်ဆိုင်စေရမည်။ သို့ရာတွင် ပြည်ပသို့ တင်ပို့ရောင်းချရန် ထုတ်လုပ်ထားသော ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ၊ ပြည်တွင်းသို့ ကန့်သတ်အရေအတွက်၊ ကန့်သတ်ပမာဏထက် မပိုဘဲ ခရီးသည်နှင့်အတူသယ်ဆောင်လာသည့် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားသော ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း (၃)
## ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများအား စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ထုပ်ပိုးပစ္စည်းများပေါ်တွင် ဖော်ပြရမည့် ကျန်းမာရေးသတိပေး ရုပ်ပုံနှင့် စာသားများ

၄။ ပြည်တွင်းတွင် လက်လီရောင်းချသော ဆေးလိပ်ထုပ်များကို အောက်ပါ စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးရာ၌-

(က) အပြင်ဘက်မျက်နှာပြင်သည် အရောင်မတောက်သော မွဲခြောက်ခြောက်အရောင် (Pantone 448 C) ဖြစ်ရမည်၊

(ခ) မျက်နှာပြင်သည် ချိုင့်အောင်ပြုလုပ်ထားခြင်း၊ ဖောင်းကြွပြုလုပ်ထားခြင်း၊ ဒီဇိုင်းဖော်ထားခြင်း၊ အတွင်းသို့ဖောက်မြင်နိုင်သည့် အကွက်ပြုလုပ်ထားခြင်း စသည့် ပြုပြင်ထားခြင်းများမရှိဘဲ ပုံမှန်မျက်နှာပြင်အတိုင်း ဖြစ်စေရမည်၊

(ဂ) ထုပ်ပိုးပစ္စည်းပေါ်တွင် ထပ်မံဖုံးအုပ်ထုပ်ပိုးလိုပါက အရောင်မရှိသည့် သို့မဟုတ် ဖောက်ထွင်းမြင်ရသည့် ပလပ်စတစ်ဖြင့်သာ ဖုံးအုပ်ထုပ်ပိုးရမည်။ ထိုဖုံးအုပ်ထုပ်ပိုးသည့်ပစ္စည်းပေါ်တွင် မည်သည့်အရာမျှ ပုံနှိပ်ဖော်ပြခြင်းမပြုရ၊

(ဃ) ထုပ်ပိုးပစ္စည်းတိုင်း၏ အတွင်းဘက်မျက်နှာပြင်သည် အဖြူရောင် ဖြစ်ရမည်၊

(င) ဆေးရွက်ကြီးထွက်ပစ္စည်း၏ သဘာဝအနံ့မှလွဲ၍ နှစ်သက်ဖွယ်မွှေးရနံ့ တစ်မျိုးမျိုး ထည့်သွင်းထားခြင်း၊ အသံမြည်စေရန် ဖန်တီးထုပ်ပိုးထားခြင်း မပြုရ၊

(စ) ရှေ့မျက်နှာပြင်၊ နောက်မျက်နှာပြင်၊ အပေါ်မျက်နှာပြင်၊ အောက်မျက်နှာပြင်၊ ဘေးဘက်မျက်နှာပြင်များကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သတ်မှတ်သည့် အတိုင်း ထုပ်ပိုးရမည်။

၅။ ပြည်တွင်းတွင် လက်လီရောင်းချသော ဆေးလိပ်ထုပ်များသည် လေးထောင့်ပုံဖြစ်ပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ အတည်ပြုချက်ရယူ၍ ဤအမိန့်၏ နောက်ဆက်တွဲပါ ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသားများကို စံသတ်မှတ်ချက်များနှင့်အညီ ပုံနှိပ်ဖော်ပြရာတွင် -

(က) မြန်မာစာလုံး ပြည်ထောင်စုဖောင့် (Pyidaungsu) ဖြင့် ဖော်ပြရမည်၊

(ခ) ဆေးလိပ်ထုပ်၏ ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင်၏အပေါ်ပိုင်း ၇၅ % ထက် မနည်းစေဘဲ ကျန်းမာရေးသတိပေးရုပ်ပုံကို ၅၀ % နှင့် သတိပေးစာသားကို ၂၅ % ဖြင့် ပုံနှိပ်ဖော်ပြရမည်၊

(ဂ) ကျန်းမာရေးသတိပေးရုပ်ပုံနှင့် တွဲလျက်ဖော်ပြရမည့် သတိပေးစာသား၏ အရောင်ကို အဖြူရောင် (အပြာ (C) = ၀ % ၊ အနီ (M) = ၀ %၊ အဝါ (Y) = ၀ % ၊ အနက် (K) = ၀ %) ဖြင့်လည်းကောင်း၊ စာသားနှင့်ရုပ်ပုံ၏ နောက်ခံအရောင်ကို အနက်ရောင် (အပြာ (C) = ၅၀ % ၊ အနီ (M) = ၅၀ %၊ အဝါ (Y) = ၅၀ % ၊ အနက် (K) = ၁၀၀ %) ဖြင့်လည်းကောင်း အသုံးပြုဖော်ပြရမည်ဖြစ်ပြီး စာလုံးအရွယ်အစားကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သတ်မှတ်ချက်အတိုင်း ပုံနှိပ်ဖော်ပြရမည်၊

(ဃ) **"ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေသည်။"** နှင့် **"ဆေးလိပ်ဖြတ်ပါ။"** ဟူသော သတိပေးစာသားကို အပေါ်မျက်နှာပြင်တွင် လည်းကောင်း၊ **"ဆေးလိပ်တွင်ပါဝင်သော နီကိုတင်း၊ ကတ္တရာနှင့် ကာဘွန်မိုနော

**ဆိုဒ်တို့သည် နှလုံးရောဂါနှင့် အဆုတ်ရောဂါကိုဖြစ်စေသည်။ ဆေးလိပ်ဖြတ်ပါ။"** နှင့် **"ဆေးလိပ်ဖြတ်ပါ။"** ဟူသော သတိပေးစာသားကို ညာဘက်ဘေး မျက်နှာပြင်တွင်လည်းကောင်း၊ **"ဆေးလိပ်တွင် နိုင်ထရိုစမင်း၊ ဘင်ဇိုပိုင်ရင်း စသော ကင်ဆာဖြစ်စေသော ဓာတ်ပစ္စည်းများ ပါဝင်သည်။ ဆေးလိပ်ဖြတ်ပါ။"** ဟူသော စာသားကို ဘယ်ဘက်ဘေးမျက်နှာပြင်တွင်လည်းကောင်း နောက်ခံ အဝါရောင် (အပြာ (C) = ၀ % ၊ အနီ (M) = ၀ %၊ အဝါ (Y) = ၁၀၀ % ၊ အနက် (K) = ၀ %) ပေါ်တွင် အနက်ရောင် (အပြာ(C) = ၅၀ % ၊ အနီ (M) = ၅၀ %၊ အဝါ (Y) = ၅၀ %၊ အနက် (K) = ၁၀၀%)ဖြင့် ဆေးလိပ်ထုပ်သေးအတွက် စာလုံးအရွယ်အစား အနည်းဆုံး ၄ မီလီမီတာအမြင့် (ပြည်ထောင်စုဖောင့် ၉.၅) နှင့် ဆေးလိပ်ထုပ်ကြီးအတွက် စာလုံးအရွယ်အစား အနည်းဆုံး ၆ မီလီမီတာ အမြင့် (ပြည်ထောင်စု ဖောင့် ၁၃) မြန်မာစာလုံးအထူဖြင့် ပုံနှိပ်ဖော်ပြရမည်၊

(င) ဆေးလိပ်ထုပ်၏ ဘယ်ဘက်ဘေးမျက်နှာပြင် အပေါ်ဆုံးအပိုင်းဖြစ်သော အဖုံးပေါ်တွင် " **၁၈နှစ်မပြည့်သေးသူများကိုမရောင်းရ** " စာသားအရောင်ကို အဖြူရောင် (အပြာ (C) = ၀ % ၊ အနီ (M) = ၀ %၊ အဝါ (Y) = ၀ % ၊ အနက် (K) = ၀ %) ဖြင့်လည်းကောင်း၊ နောက်ခံအရောင်ကို အနက်ရောင် (အပြာ (C) = ၅၀ % ၊ အနီ (M) = ၅၀ %၊ အဝါ (Y) = ၅၀ % ၊ အနက် (K) = ၁၀၀ %) ဖြင့်လည်းကောင်း အသုံးပြု၍ ကန့်လန့်ဖြတ်ပုံနှိပ်ရန်နှင့် ဆေးလိပ်ထုပ်သေးအတွက် စာလုံးအရွယ်အစား အနည်းဆုံး ၃ မီလီမီတာအမြင့် (ပြည်ထောင်စုဖောင့် ၇) နှင့် ဆေးလိပ်ထုပ်ကြီးအတွက် စာလုံးအရွယ်အစား အနည်းဆုံး ၆ မီလီမီတာအမြင့် (ပြည်ထောင်စု ဖောင့် ၁၃) မြန်မာစာလုံးအထူဖြင့် ပုံနှိပ်ဖော်ပြရမည်၊

(စ) ဆေးလိပ်ထုပ်၏ ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင်၏ အောက်ပိုင်းကျန်ရှိသည့်နေရာတွင် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်း ကုန်အမှတ်တံဆိပ်အမည်နှင့် မျိုးကွဲအမည် (Brand and Variant names) ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ပုံနှိပ်ဖော်ပြရာတွင် -

(၁) အရောင်မတောက်သော မွဲခြောက်ခြောက်အရောင် (Pantone 448 C) ပေါ်တွင် စာလုံးအရောင်မှာ မီးခိုးရောင်ဖျော့ဖျော့ [pale Grey (Pantone Cool Grey 2 C)] ဖြင့်ပုံနှိပ်ရမည်၊

(၂) စာလုံးများ၏ အမျိုးအစားကို ပြည်ထောင်စုဖောင့်ဖြင့် ဖော်ပြရမည့်အပြင် အရွယ်အစားတူညီရမည်ဖြစ်ပြီး ဆေးလိပ်ထုပ်သေးအတွက် ၄ မီလီမီတာ (ပြည်ထောင်စုဖောင့် ၉.၅) နှင့် ဆေးလိပ်ထုပ်ကြီးအတွက် ၈ မီလီမီတာ (ပြည်ထောင်စုဖောင့် ၁၇.၅) ထက် မမြင့်စေရ။ စာလုံးအထူအပါးသည် ပုံမှန် ဖြစ်ရမည်။

(ဆ) ဆေးလိပ်ထုပ်၏ ဘယ်ဘက် ဘေးမျက်နှာပြင် အောက်ပိုင်း ၂၅ % တွင် ထုတ်လုပ်သူအမည် (Manufacturer)၊ ထုတ်လုပ်သည့်နိုင်ငံနှင့် ထုတ်လုပ်သည့်ရက်စွဲတို့ကို ဖော်ပြပါက -

(၁) အရောင်မတောက်သော မွဲခြောက်ခြောက်အရောင် (Pantone 448 C) ပေါ်တွင် စာလုံးအရောင်မှာ မီးခိုးရောင်ဖျော့ဖျော့ [pale Grey (Pantone Cool Grey 2 C) ] ဖြင့်ပုံနှိပ်ရမည်၊

(၂) စာလုံးများ၏ အမျိုးအစားကို ပြည်ထောင်စုဖောင့်ဖြင့် ဖော်ပြရမည့်အပြင် အရွယ်အစားတူညီရမည်ဖြစ်ပြီး ဆေးလိပ်ထုပ်သေးအတွက် ၂ မီလီမီတာ (ပြည်ထောင်စုဖောင့် ၅) နှင့် ဆေးလိပ်ထုပ်ကြီးအတွက် ၄ မီလီမီတာ (ပြည်ထောင်စုဖောင့် ၉.၅) ထက် မမြင့်စေရ။ စာလုံးအထူအပါးသည် ပုံမှန်ဖြစ်ရမည်။

(ဇ) ဘားကုတ် (Bar code) ကို ဖော်ပြလိုပါက ဆေးလိပ်ထုပ်၏ အောက်မျက်နှာပြင်တွင်သာ ဖော်ပြရမည်ဖြစ်ပြီး အရောင်သည် အနက်နှင့်အဖြူဖြစ်ကာ ထောင့်မှန်စတုဂံပုံ ဖြစ်ရမည်။ အခြားမည်သည့်ပုံသဏ္ဌာန်မျှ မဖြစ်ရ၊

(ဈ) အရေအတွက်၊ အလေးချိန်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ဖော်ပြပါက အောက်မျက်နှာပြင်တွင်သာ ဖော်ပြရမည်ဖြစ်ပြီး အောက်ပါ သတ်မှတ်ချက်များ အတိုင်း ပုံနှိပ်ဖော်ပြရာတွင် -

(၁) အရောင်မတောက်သော မွဲခြောက်ခြောက်အရောင် (Pantone 448 C) ပေါ်တွင် စာလုံးအရောင်မှာ မီးခိုးရောင်ဖျော့ဖျော့ [pale Grey (Pantone Cool Grey 2 C) ] ဖြင့်ပုံနှိပ်ရမည်၊

(၂) စာလုံးများ၏ အမျိုးအစားကို ပြည်ထောင်စုဖောင့်ဖြင့် ဖော်ပြရမည့်အပြင် အရွယ်အစား တူညီရမည်ဖြစ်ပြီး ၂ မီလီမီတာ (ပြည်ထောင်စုဖောင့် ၅) ထက်မမြင့်စေရ၊ စာလုံးအထူအပါးသည် ပုံမှန်ဖြစ်ရမည်၊

(၃) အရေအတွက်နှင့် အလေးချိန်တို့ကို ကိန်းဂဏန်းဖြင့်သာ ဖော်ပြရမည်။

(ည) ဆေးလိပ်ထုပ်ကြီးအတွက် ကျန်းမာရေးသတိပေးရုပ်ပုံနှင့်စာသားများကို ပုံနှိပ်ဖော်ပြရာ၌ နောက်ဆက်တွဲ ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသားအမျိုးအစားများကို ယင်း ဆေးလိပ်ထုပ်ကြီး၏ အရွယ်အစားပေါ်မူတည်၍ အမျိုးအစားစုံလင်အောင် ဖော်ပြပေးရမည်၊

(ဋ) အရောင်းမြှင့်တင်ခြင်းနှင့် ကြော်ငြာခြင်း သဘောဆောင်သည့် စာသား၊ ဒီဇိုင်း၊ ရုပ်ပုံ၊ အရောင်၊ ကုန်ပစ္စည်း အမှတ်တံဆိပ်၊ အမှတ်အသား၊ ပုံသဏ္ဌာန်တို့ကို ဖော်ပြခြင်း၊ အသံမြည်အောင် ပြုလုပ်ထားခြင်းတို့အပြင် အလားတူအဓိပ္ပာယ်သက်ရောက်သည်များကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းဖော်ပြခြင်း မပြုရ၊

(ဌ) ဆေးလိပ်ထုပ်၏ အတွင်းဘက်၌ဖြစ်စေ၊ အပြင်ဘက်၌တွဲ၍ဖြစ်စေ၊ အမှတ်တံဆိပ်၊ လိုဂို၊ ပစ္စည်းပုံ ဒီဇိုင်း၊ အခြားအမှတ်အသားနှင့် စာတန်းများပါသည့် အပိုစာရွက်၊ ကတ်ပြား သို့မဟုတ် အခြားပစ္စည်းများ ထည့်သွင်းခြင်း သို့မဟုတ် ပူးတွဲခြင်းဖြင့် အမှတ်တံဆိပ်ဖော်ပြခြင်းမျိုးကို မပြုရ၊

(ဍ) ကျသင့်ငွေတန်ဖိုးနှင့် ပစ္စည်းအမျိုးအစား ဖော်ပြချက်မှအပ ကြူအာရ် သင်္ကေတ (QR Code) အပါအဝင် အခြားအီလက်ထရောနစ် သင်္ကေတများ (Any Other Electronic Symbols) ဖော်ပြခြင်း မပြုရ။

၆။ ပြည်တွင်းတွင် လက်လီရောင်းချသော ဆေးလိပ်ထုပ်များသည် လေးထောင့်ပုံ မဟုတ်ပါက ဤအမိန့်၏ နောက်ဆက်တွဲပါ ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသားများကို အောက်ပါ

စံသတ်မှတ်ချက်များနှင့်အညီ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ အတည်ပြုချက်ကိုရယူ၍ ပုံနှိပ်ဖော်ပြရာတွင် -

(က) စလင်ဒါပုံ (ဘူးအဝိုင်း၊ ပုလင်း၊ အစည်း စသည်) ဖြစ်ပါက အပိုဒ် ၅ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)နှင့် (ဆ) တို့ပါသတ်မှတ်ချက်များနှင့်အညီ ထိုဆေးလိပ်ထုပ်များ၏ ရှေ့မျက်နှာပြင်၊ နောက်မျက်နှာပြင်နှင့် ဘေးနှစ်ဘက်မျက်နှာပြင်များတွင် ပုံနှိပ်ဖော်ပြရမည့် အချက်အလက်များအားလုံးကို စလင်ဒါပုံ ထိုဆေးလိပ်ထုပ်၏ အပြင်မျက်နှာပြင် တစ်ပတ်လည် အပြည့်ဖော်ပြရမည်။ အပိုဒ် ၅ အပိုဒ်ခွဲ (ဃ) ပါ အပေါ် မျက်နှာပြင်တွင်ဖော်ပြရန် သတ်မှတ်ချက်ကို အပေါ်မျက်နှာပြင်ပေါ်တွင်လည်းကောင်း၊ ဘားကုတ်၊ အရေအတွက်၊ အလေးချိန်တို့ကို ဖော်ပြပါက အပိုဒ် ၅ အပိုဒ်ခွဲ (ဇ) နှင့် (ဈ) တို့ပါ သတ်မှတ်ချက်များအတိုင်း အောက်မျက်နှာပြင်တွင်လည်းကောင်း ပုံနှိပ်ဖော်ပြရမည်၊

(ခ) မျက်နှာပြင်နှစ်ဘက်ပါ ဆေးလိပ်ထုပ်ဖြစ်ပါက အပိုဒ် ၅ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ) နှင့် (စ) တို့ပါသတ်မှတ်ချက်များနှင့်အညီ အပေါ်မျက်နှာပြင်၊ ရှေ့မျက်နှာပြင်နှင့် ညာဘက်ဘေးမျက်နှာပြင်ပါ ပုံနှိပ်ဖော်ပြရမည့် အချက်အလက်များကို ရှေ့မျက်နှာပြင်တွင်လည်းကောင်း၊ အပိုဒ် ၅ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ) နှင့် (ဈ) တို့ပါ သတ်မှတ်ချက်များနှင့်အညီ နောက်မျက်နှာပြင်၊ ဘယ်ဘက်ဘေးမျက်နှာပြင်နှင့် အောက်မျက်နှာပြင်ပါ ပုံနှိပ်ဖော်ပြရမည့် အချက်အလက်များကို နောက်မျက်နှာပြင်တွင်လည်းကောင်း ပုံနှိပ်ဖော်ပြရမည်၊

(ဂ) ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသား၏ စာလုံးအရွယ်အစားကို အပိုဒ် ၅ အပိုဒ်ခွဲ (ဂ) ပါ သတ်မှတ်ချက်နှင့်အညီ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သတ်မှတ်သည့်အတိုင်းလိုက်နာ၍ ပြတ်သားစွာ ပုံနှိပ်ဖော်ပြရမည်၊

(ဃ) ကုန်အမှတ်တံဆိပ်အမည်နှင့် မျိုးကွဲအမည် (Brand and Variant names) ကို အပိုဒ် ၅ အပိုဒ်ခွဲ (စ) တွင် သတ်မှတ်ထားသည့် အရွယ်အစားပေါ်အခြေခံပြီး အချိုးအစားညီသော စာသားဖြင့် ပုံနှိပ်ရမည်ဖြစ်ပြီး သတ်မှတ်အရောင်များအတိုင်း ပုံနှိပ်ဖော်ပြရမည်၊

(င) အခြားသတိပေးချက်များအတွက် အပိုဒ် ၅ အပိုဒ်ခွဲ (ည)၊ (ဋ)၊ (ဌ)နှင့် (ဍ)တို့ပါ သတိပေးချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည့်အပြင် ထုပ်ပိုးမှုပုံစံသည် ဤအမိန့်တွင်ဖော်ပြထားသည့် ထုပ်ပိုးမှုပုံစံများအတိုင်း မဟုတ်ပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ အတည်ပြုချက်ကိုရယူ၍ ပုံနှိပ်ဖော်ပြရမည်။

၇။ စီးကရက်တစ်လိပ်ချင်း (Cigarette stick) ၏ ဒီဇိုင်းပုံစံသည် အောက်ပါအတိုင်း ဖြစ်ရမည်–

(က) စီးကရက်အစီခံ၊ အစီခံအပေါ်ခွံ၊ စီးကရက်လိပ်သည့်စက္ကူနှင့် စီးကရက်၏ အခြားအစိတ်အပိုင်းများကို အရောင်မတောက်သော မွဲခြောက်ခြောက်အဖြူရောင် (uniformly white with a matt finish) ဖြင့် တစ်ပုံစံတည်းပြုလုပ်ရမည်။ သို့ရာတွင် အစီခံအပေါ်ခွံအရောင်ကို အဖြူရောင် သို့မဟုတ် ဝါညစ်ညစ်အရောင် (cork color) သုံးနိုင်သည်၊

(ခ) စီးကရက်အမည်နှင့် အက္ခရာ၊ ဂဏန်း၊ သင်္ကေတ (an alphanumeric code) ကို ဖော်ပြလိုပါက အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဖော်ပြရာတွင် –

(၁) စာသားကို အစီခံအဆုံးမှ ၃၈ မီလီမီတာ အတွင်း၌သာ ရေးသားဖော်ပြရမည်၊

(၂) မြန်မာဘာသာဖြင့်ဖော်ပြလျှင် အက္ခရာနှင့် ဂဏန်းကိုသာ ဖော်ပြရမည်၊

(၃) အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြလျှင် ပထမဆုံးစာလုံးကိုသာ စာလုံးကြီး (Uppercase) ဖြင့် ဖော်ပြရမည်ဖြစ်ပြီး အက္ခရာ၊ ဂဏန်း နှင့် “&” သင်္ကေတကိုသာ ဖော်ပြရမည်၊

(၄) စာလုံးအမျိုးအစားကို ပြည်ထောင်စုဖောင့်ဖြင့် အသုံးပြုဖော်ပြရမည်၊

(၅) စာသားသည် အရောင်မတောက်သော မွဲခြောက်ခြောက် (with a matt finish) အနက်ရောင် ဖြစ်ရမည်၊


(၆) စာလုံးအရွယ်အစားသည် ၂ မီလီမီတာ (ပြည်ထောင်စုဖောင့် ၅) ထက် မကြီးစေရ၊ စာလုံးအထူအပါးသည် ပုံမှန်ဖြစ်ရမည်။

(ဂ) စီးကရက်အမည်နှင့် အက္ခရာ၊ ဂဏန်း၊ သင်္ကေတ (an alphanumeric code) မှလွဲ၍ အခြားစာသား၊ ပုံစသည်တို့ကို ဖော်ပြခြင်းမပြုရ။

၈။ စီးကရက်ဘူးကို ပုံနှိပ်ဖော်ပြရာတွင် အပိုဒ် ၅ ပါ သတ်မှတ်ချက်များနှင့်အညီ ပုံနှိပ်ဖော်ပြရမည်ဖြစ်ပြီး ယင်းသို့ပုံနှိပ်ဖော်ပြရာတွင် -


(က) ရှေ့မျက်နှာပြင်ရှိ ကျန်းမာရေးသတိပေးရုပ်ပုံသည်လည်းကောင်း၊ တွဲလျက်ပါရှိသော သတိပေးစာသားသည်လည်းကောင်း၊ ဘယ်ဘက်ဘေးမျက်နှာပြင်ရှိ သတိပေးစာသားများသည်လည်းကောင်း၊ ညာဘက်ဘေးမျက်နှာပြင်ရှိ အခွန်တံဆိပ်ခေါင်းကပ်ရန် နေရာမှလွဲ၍ ကျန်သတိပေးစာသားများသည်လည်းကောင်း စီးကရက်ဘူးကို ဖွင့်ခြင်းကြောင့်ဖြစ်စေ၊ ပိတ်ခြင်းကြောင့်ဖြစ်စေ ပျက်သွားခြင်း၊ ပြတ်ထွက်သွားခြင်းမရှိစေရ။ စီးကရက်ဘူး၏ အဖုံးသည် စီးကရက်ဘူး၏ အပေါ်ပိုင်း ၂၅% ထက် ကျော်လွန်၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ဖုံးအုပ်ခြင်းမရှိစေရ-

**ကျန်းမာရေးသတိပေးရုပ်ပုံနှင့်စာသား ၇၅% (ကျန်းမာရေးသတိပေးရုပ်ပုံ ၅၀% + စာသား ၂၅%)**




(ခ) အပေါ်မျက်နှာပြင်၊ အောက်မျက်နှာပြင်၊ ဘယ်ဘက်ဘေးမျက်နှာပြင်နှင့် ညာဘက်ဘေးမျက်နှာပြင်တို့တွင် ပုံနှိပ်ဖော်ပြရမည့် သတိပေးစာသားများ၊ အချက်အလက်များကို အပိုဒ် ၅ ပါသတ်မှတ်ချက်များအတိုင်း ပုံနှိပ်ဖော်ပြရာတွင် အောက်ပါပုံများအတိုင်း ပုံနှိပ်ဖော်ပြရမည်-

အပေါ်မျက်နှာပြင်




ညာဘက်ဘေးမျက်နှာပြင် ဘယ်ဘက်ဘေးမျက်နှာပြင်




အောက်မျက်နှာပြင်



(ဂ) စီးကရက်ဘူး၏ အတွင်းခံစက္ကူ (Lining) သည် မျက်နှာပြင်တစ်ဘက်တွင် ပါးလွှာသော ငွေရောင် သတ္တုဖြင့် ဖုံးအုပ်ထားသည့် အဖြူရောင်စက္ကူ ဖြစ်ရမည်။ ထို့ပြင် ထိုငွေရောင်သတ္တု၏ ကျန်ရှိမည့်အစိတ်အပိုင်းတွင်ဖြစ်စေ၊ ဖယ်ရှားမည့် အစိတ်

အပိုင်းတွင်ဖြစ်စေ မည်သည့် စာသား၊ သင်္ကေတ၊ အမှတ်အသား စသည်တို့ကို ရိုက်နှိပ်ဖော်ပြခြင်း၊ ပုံဖော်ခြင်း၊ ရောင်ပြန်ဖြင့်ဖော်ပြခြင်း မပြုရ၊

(ဃ) စီးကရက်ဘူး၏ အတွင်းကော်လာ (Collar) အရောင်သည် အရောင်မတောက်သော မွဲခြောက်ခြောက်အရောင် (Pantone 448 C) ဖြစ်ရမည်။ အတွင်းကော်လာပေါ်တွင် ကုန်အမှတ်တံဆိပ်၊ လိုဂို၊ ကုန်ပစ္စည်းပုံဒီဇိုင်း၊ အမှတ်အသား၊ စာတန်းများ ရိုက်နှိပ်ဖော်ပြခြင်း၊ ပုံဖော်ခြင်း၊ ရောင်ပြန်ဖြင့်ပုံဖော်ခြင်း၊ အတွင်းကော်လာကိုချိုင့်အောင်ပြုလုပ်ထားခြင်း သို့မဟုတ် ဖောင်းကြွပြုလုပ်ထားခြင်း၊ ဒီဇိုင်းဖော်ထားခြင်း မပြုရ၊

(င) စီးကရက်ဘူး တစ်ဘူးချင်းအား ဖုံးအုပ်ထုပ်ပိုးထားသော ပလတ်စတစ်အား ခွာရန်တိပ် (Tear Tape) ပါရှိပါက ၎င်းတိပ် (Tear Tape) သည် တစ်ခုလုံး အနက်ရောင် သို့မဟုတ် အရောင်မရှိသော ဖောက်ထွင်းမြင်ရသည့်ပစ္စည်း ဖြစ်ရမည်။ တိပ်ပြား၏အကျယ်သည် ၃ မီလီမီတာထက် မပိုရ။ တိပ် (Tape) ပေါ်တွင် မည်သည့် စာ၊ မည်သည့် အမှတ်တံဆိပ်ကိုမျှ ဖော်ပြခြင်းမပြုရ။

၉။ စီးကရက်တောင့် (Cigarette carton) များကို ပုံနှိပ်ဖော်ပြရာတွင် အပိုဒ် ၅ တွင် သတ်မှတ်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး အောက်ပါသတ်မှတ်ချက်များနှင့်အညီ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ အတည်ပြုချက်ရယူ၍ ပုံနှိပ်ဖော်ပြရာတွင် -

(က) ကျန်းမာရေးသတိပေးစာသား၏ စာလုံးအရွယ်အစားကို အပိုဒ် ၅ အပိုဒ်ခွဲ (ဃ) နှင့် (င) တို့တွင် ဆေးလိပ်ထုပ်ကြီးအတွက် သတ်မှတ်ထားသည့်အတိုင်း ပြတ်သားစွာ ပုံနှိပ်ဖော်ပြရမည်၊

(ခ) စီးကရက်တောင့်၏ ရှေ့မျက်နှာပြင်နှင့် နောက်မျက်နှာပြင်တွင် ဖော်ပြရမည့် ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသားများကို အပိုဒ် ၅ အပိုဒ်ခွဲ (ဂ) နှင့် (ည) တို့တွင် သတ်မှတ်ထားသည့်အတိုင်း ပုံနှိပ်ဖော်ပြရမည်၊

(ဂ) ကုန်အမှတ်တံဆိပ်အမည်နှင့် မျိုးကွဲအမည် (Brand and Variant names) ကို အပိုဒ် ၅ အပိုဒ်ခွဲ (စ) တွင် ဆေးလိပ်ထုပ်ကြီးအတွက် သတ်မှတ်ထားသည့်အတိုင်း ပုံနှိပ်ဖော်ပြရမည်၊

(ဃ) ထုတ်လုပ်သူအမည် (Manufacturer)၊ ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ်သည့် ရက်စွဲတို့ကို အပိုဒ် ၅ အပိုဒ်ခွဲ (ဆ) တွင် ဆေးလိပ်ထုပ်ကြီးအတွက် သတ်မှတ်ထားသည့်အတိုင်း ပုံနှိပ်ဖော်ပြရမည်။

၁၀။ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်နှင့် အလားတူ ဆေးလိပ်များကို ထုပ်ပိုးပုံနှိပ်ဖော်ပြရာတွင် ထုပ်ပိုးမှုပုံစံပေါ်မူတည်၍ အပိုဒ် ၅ နှင့် အပိုဒ် ၆ တို့တွင် သတ်မှတ်ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး အောက်ပါသတ်မှတ်ချက်များနှင့်အညီ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ အတည်ပြုချက်ရယူ၍ ပုံနှိပ်ဖော်ပြရာတွင် –

(က) ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်နှင့် အလားတူ ဆေးလိပ်များကို ပတ်ထားသည့် ဆေးလိပ်ပတ်သည် ၁ စင်တီမီတာ အကျယ် ထက်မပိုရ။ ကုန်အမှတ်တံဆိပ်အမည်နှင့် မျိုးကွဲအမည် (Brand and Variant names) ကို ရေးသားလိုပါက –

(၁) အရောင်မတောက်သော မွဲခြောက်ခြောက်အရောင် (Pantone 448 C) ပေါ်တွင် စာလုံးအရောင်မှာ မီးခိုးရောင်ဖျော့ဖျော့ [pale Grey (Pantone Cool Grey 2 C) ] ဖြင့်ပုံနှိပ်ရမည်၊

(၂) စာလုံးအမျိုးအစားကို ပြည်ထောင်စုဖောင့် အသုံးပြု၍ ၄ မီလီမီတာ (ပြည်ထောင်စုဖောင့် ၉.၅) ထက် မပိုစေဘဲ အမှတ်တံဆိပ်လိုဂို (Brand Logo) မပါစေရ၊

(၃) အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြလျှင် ပထမဆုံးစာလုံးကိုသာ စာလုံးကြီး (Uppercase) ဖြင့် ဖော်ပြရမည်ဖြစ်ပြီး စာလုံးအထူအပါးသည် ပုံမှန်ဖြစ်ရမည်။ အမည်နှင့် အက္ခရာ၊ ဂဏန်း၊ သင်္ကေတ (an alphanumeric code) မှလွဲ၍ အခြားစာသား၊ ရုပ်ပုံစသည်တို့ကို ဖော်ပြခြင်း မပြုရ။

(ခ) ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်နှင့် အလားတူဆေးလိပ် တစ်လိပ်ချင်းကို ဖုံးအုပ်ထုပ်ပိုးလိုပါက အရောင်မရှိသည့် သို့မဟုတ် ဖောက်ထွင်းမြင်ရသည့် ပလပ်စတစ်ဖြင့်သာ ဖုံးအုပ်ထုပ်ပိုးရမည်။ ယင်း ပလတ်စတစ်ပေါ်တွင် မည်သည့် စာသား၊ အမှတ်အသားမှ ရိုက်နှိပ်ခြင်းမပြုရ၊

(ဂ) ကျန်းမာရေးသတိပေးရုပ်ပုံနှင့်စာသား၏ စာလုံးအရွယ်အစားကို အပိုဒ် ၅ အပိုဒ်ခွဲ (ဂ) တွင် သတ်မှတ်ထားသည့် အရွယ်အစားပေါ် အခြေခံပြီး အချိုးအစားညီ၍

ပိုကြီးသည့် သို့မဟုတ် ပိုသေးသည့် ရုပ်ပုံနှင့် စာသားဖြင့် ပြတ်သားစွာ ပုံနှိပ်ဖော်ပြရမည်၊

(ဃ) ကုန်အမှတ်တံဆိပ်အမည်နှင့် မျိုးကွဲအမည် (Brand and Variant names) ကို အပိုဒ် ၅ အပိုဒ်ခွဲ (စ) တွင် ဆေးလိပ်ထုပ်သေးနှင့် ဆေးလိပ်ထုပ်ကြီးအတွက် သတ်မှတ်ထားသည့်အတိုင်း ပုံနှိပ်ဖော်ပြရမည်ဖြစ်ပြီး အရွယ်အစားတူညီရမည်၊

(င) ထုတ်လုပ်သူအမည် (Manufacturer)၊ ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ်သည့် ရက်စွဲတို့ကို အပိုဒ် ၅ အပိုဒ်ခွဲ (ဆ) တွင် ဆေးလိပ်ထုပ်သေးနှင့် ဆေးလိပ်ထုပ်ကြီး အတွက် သတ်မှတ်ထားသည့်အတိုင်း ပုံနှိပ်ဖော်ပြရမည်ဖြစ်ပြီး အရွယ်အစားတူညီ ရမည်။

၁၁။ ဆေးပေါင်း၊ နှပ်ဆေး၊ ကွမ်းစားဆေးစသည့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို လက်လီ ရောင်းချသော ဆေးလိပ်ထုပ်အဖြစ် ထုပ်ပိုးရာတွင် ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသားများ ကို အပိုဒ် ၅ အပိုဒ်ခွဲ (ဃ)မှအပ အပိုဒ် ၅ ပါ ကျန်အပိုဒ်ခွဲများနှင့် အပိုဒ် ၆ တို့တွင် သတ်မှတ် ထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး အောက်ပါသတ်မှတ်ချက်များနှင့်အညီ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ အတည်ပြုချက်ရယူ၍ ပုံနှိပ်ဖော်ပြရာတွင် -

(က) ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသား၏ စာလုံးအရွယ်အစားကို အပိုဒ် ၅ အပိုဒ်ခွဲ (ဂ) တွင် သတ်မှတ်ထားသည့် အရွယ်အစားပေါ်အခြေခံပြီး အချိုးအစား ညီ၍ ပိုကြီးသည့် သို့မဟုတ် ပိုသေးသည့် ရုပ်ပုံနှင့်စာသားဖြင့် ပြတ်သားစွာ ပုံနှိပ်ဖော်ပြရမည်၊

(ခ) **“ဆေးရွက်ကြီးနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေသည်။”** ဟူသော သတိပေးစာသားကို အပေါ်မျက်နှာပြင်တွင် လည်းကောင်း၊ **“ဆေးရွက်ကြီးထွက်ပစ္စည်းများတွင် နီကိုတင်းပမာဏများစွာ ပါဝင်ပြီး ပြင်းထန်စွာ စွဲလမ်းစေသည်။ ဆေးမငုံပါနှင့်။”** ဟူသော သတိပေးစာသား ကို ညာဘက်ဘေးမျက်နှာပြင်တွင်လည်းကောင်း၊ **“ဆေးရွက်ကြီးထွက်ပစ္စည်းများ တွင် နိုင်ထရိုစမင်း၊ ဘင်ဇိုပိုင်ရင်း စသော ကင်ဆာဖြစ်စေသော ဓာတ်ပစ္စည်းများ ပါဝင်သည်။ ကွမ်းဖြတ်ပါ။”** ဟူသော စာသားကို ဘယ်ဘက်ဘေး မျက်နှာပြင်တွင်

လည်းကောင်း ပုံနှိပ်ဖော်ပြရာ၌ အပိုဒ် ၅ အပိုဒ်ခွဲ (ဃ)တွင် သတ်မှတ်ထားသည့် အတိုင်း ပုံနှိပ်ဖော်ပြရမည်၊

(ဂ) ကုန်အမှတ်တံဆိပ်အမည်နှင့် မျိုးကွဲအမည် (Brand and Variant names) ကို အပိုဒ် ၅ အပိုဒ်ခွဲ (စ) တွင် ဆေးလိပ်ထုပ်သေးနှင့် ဆေးလိပ်ထုပ်ကြီးအတွက် သတ်မှတ်ထားသည့်အတိုင်း ပုံနှိပ်ဖော်ပြရမည်ဖြစ်ပြီး အရွယ်အစားတူညီရမည်၊

(ဃ) ထုတ်လုပ်သူအမည် (Manufacturer)၊ ထုတ်လုပ်သည့်နိုင်ငံ၊ ထုတ်လုပ်သည့် ရက်စွဲတို့ကို အပိုဒ် ၅ အပိုဒ်ခွဲ (ဆ) တွင် ဆေးလိပ်ထုပ်သေးနှင့် ဆေးလိပ်ထုပ်ကြီး အတွက် သတ်မှတ်ထားသည့်အတိုင်း ပုံနှိပ်ဖော်ပြရမည်ဖြစ်ပြီး အရွယ်အစား တူညီရမည်။

၁၂။ ပြည်တွင်းတွင် လက်လီရောင်းချသော ဆေးလိပ်ထုပ်များကို အပိုဒ် ၄ မှ ၁၁ အထိ ဖော်ပြထားသည့် စံသတ်မှတ်ချက်များနှင့်အညီ ပုံနှိပ်ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) နောက်ဆက်တွဲတွင် ဖော်ပြပါရှိသော ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသားများ တစ်မျိုးစီတိုင်းကို ဆေးလိပ်ထုပ်သေးများတွင် အရေအတွက်တူညီစွာ တစ်ပြိုင် နက်တည်း အသုံးပြုဖော်ပြရမည်၊

(ခ) နောက်ဆက်တွဲပါ ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသားများကို ကျန်းမာရေး ဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သုံးနှစ်တစ်ကြိမ် ပြောင်းလဲ သတ်မှတ်ပေးသည့်အတိုင်း ပုံနှိပ်ဖော်ပြရမည်၊

(ဂ) ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူး ခြင်း၊ ရောင်းချခြင်းပြုသူ မည်သူမဆို ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနက သတ်မှတ်သည့် ကျန်းမာရေးသတိပေးရုပ်ပုံနှင့်စာသား များအတိုင်း ပုံနှိပ်ဖော်ပြရမည်၊

(ဃ) မျိုးကွဲအမည် (Variant names) များရှိပါက မျိုးကွဲအလိုက် ကျန်းမာရေးသတိပေး ရုပ်ပုံနှင့် စာသားများကို ကွဲပြားစွာဖော်ပြပေးရမည်။

## အခန်း (၄)


## တားမြစ်ချက်များ

၁၃။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း တင်သွင်းသူ၊ ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူနှင့် ရောင်းချသူတို့သည်-

(က) ဆေးလိပ်ထုပ်ပေါ်ရှိ ကျန်းမာရေးသတိပေးရုပ်ပုံနှင့် စာသားကိုဖျက်ဆီးခြင်း၊ ဖုံးအုပ်ခြင်း မပြုရ၊

(ခ) အခွန်တံဆိပ်ခေါင်းကပ်ရာတွင် သတိပေးစာသားနှင့် ရုပ်ပုံများကို ဖုံးအုပ်ခြင်း မပြုရ။ စီးကရက်ဘူးအတွက် သီးခြားသတ်မှတ်ထားသော နေရာဖြစ်သည့် စီးကရက်ဘူး၏ အပေါ်မျက်နှာပြင်အစွန်ရှိ ၁၅ မီလီမီတာနှင့် စီးကရက်ဘူး၏ ညာဘက်ဘေးမျက်နှာပြင် အပေါ်ဆုံးရှိ ၃၀ မီလီမီတာ အကျယ်နေရာများမှလွဲ၍ အခြားနေရာတွင် အခွန်တံဆိပ်ခေါင်းမကပ်ရ-

အပေါ်မျက်နှာပြင်




ညာဘက်ဘေးမျက်နှာပြင်

ဘယ်ဘက်ဘေးမျက်နှာပြင်




(ဂ) အပိုဒ် ၅ အပိုဒ်ခွဲ (ဠ) နှင့် (ဥ) တို့တွင် ဖော်ပြထားသည့်အတိုင်း ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို အရောင်းမြှင့်တင်ခြင်းနှင့် ကြော်ငြာခြင်း သဘောဆောင်သည့်အရာများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းရိုက်နှိပ်ဖော်ပြခြင်း လုံးဝမပြုလုပ်ရ၊

(ဃ) ဆေးလိပ်ထုပ်ပေါ်တွင် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်မှုမရှိသည့်သဘောသက်ရောက်သည့် စာသား (ဥပမာ – **"Low tar"**, **"Light"**, **"ultra–light"**, **"mild"**, **"cool"**, **"Special"**, **"full flavor"**, **"premium"**, **"rich"**, **"famous"**, **"slim"**, **"safe"** စသည်) ရုပ်ပုံနှင့်အမှတ်အသားများကိုဖြစ်စေ၊ အလားတူ

အဓိပ္ပာယ်သက်ဝင်စေသော ဖော်ပြချက်ကိုဖြစ်စေ၊ ဆေးလိပ်၊ ဆေးရွက်ကြီးထွက် ပစ္စည်း ကုန်အမှတ်တံဆိပ်အမည်နှင့် မျိုးကွဲအမည် (Brand and Variant names) ဖြင့်ဖြစ်စေ ဖော်ပြခြင်းမပြုရ၊

(င) ပါဝင်သည့်ပစ္စည်းအမျိုးအစားနှင့် ပမာဏတို့ကိုထည့်သွင်းဖော်ပြပြီး **"သုံးစွဲသူများ အတွက် အန္တရာယ်ပိုကင်းသည်၊ အကျိုးရှိသည်"** ဟု အဓိပ္ပာယ်သက်ရောက်စေသည့် စာသား၊ အမှတ်အသား၊ ဂဏန်းသင်္ကေတနှင့် အခြားဖော်ပြခြင်းများမပြုရ၊

(စ) သက်တမ်းကုန်ဆုံးသည့်ရက်စွဲကို ဖော်ပြခြင်းမပြုရ။

## အခန်း (၅)

## အရေးယူခြင်း

၁၄။ (က) ဤအမိန့်တွင်ပါရှိသည့် စံသတ်မှတ်ချက်များအတိုင်း ဆေးလိပ်ထုပ်များကို ထုပ်ပိုးခြင်း၊ ပုံနှိပ်ဖော်ပြခြင်း မပြုဘဲ တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြုသူမည်သူမဆို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (က) အရ အရေးယူအပြစ်ပေးခြင်းခံရမည်၊

(ခ) မည်သူမဆို အပိုဒ်ခွဲ (က) အရ အရေးယူခြင်းကို ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားနိုင်သည်။

## အခန်း (၆)

## အထွေထွေ

၁၅။ ဈေးကွက်အတွင်းရှိ ဤအမိန့်နှင့်မလျော်ညီသော ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းများအား ဤအမိန့် စတင်အာဏာတည်သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အထိသာ ဆက်လက်ရောင်းချခွင့်ရှိသည်။

၁၆။ ဤအမိန့်ကို အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ လိုက်နာဆောင်ရွက်မှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဤအမိန့်ပါ သတ်မှတ်ချက်များနှင့်အညီ ဖော်ပြခြင်း ရှိမရှိ

ဆုံးဖြတ်ရာတွင်လည်းကောင်း အငြင်းပွားဖွယ်တစ်စုံတစ်ရာ ပေါ်ပေါက်ပါက ဤကိစ္စအတွက် ဗဟိုအဖွဲ့က ဖွဲ့စည်းသည့် ကော်မတီ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်သည်။

၁၇။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၁/၂၀၁၆ ဖြင့် ထုတ်ပြန်ခဲ့သောအမိန့်ကို ဤအမိန့် စတင်အာဏာတည်သည့်နေ့မှစ၍ လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာသက်ခိုင်ဝင်း

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၁၂ မခ(လ)၂၀၂၁/၁၂၄၄၅

ရက်စွဲ၊၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးကောင်စီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီ

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးဝါးပညာရှင်များအသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်း

ဥက္ကဋ္ဌ၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင်<br>ထည့်သွင်းကြေညာပေးပါရန်။ |


ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအားလုံး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေး/ကုသရေး ဦးစီးဌာနမှူးအားလုံး


နောက်ဆက်တွဲ

## စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်နှင့် အလားတူဆေးလိပ်များ၏ ထုပ်ပိုးပစ္စည်းများ ပေါ်တွင် ပုံနှိပ်ဖော်ပြရမည့် ကျန်းမာရေး သတိပေးရုပ်ပုံနှင့် စာသားများ


၁။ ဆေးလိပ်သောက်ခြင်း၊ သူတစ်ပါးဆေးလိပ်ငွေ့ရှူရခြင်းကြောင့် အဆုတ်ကင်ဆာဖြစ်နိုင်သည်





၂။ ဆေးလိပ်သောက်ခြင်း၊ သူတစ်ပါးဆေးလိပ်ငွေ့ရှူရခြင်းကြောင့် လမစေ့၊ ပေါင်မပြည့်ကလေး မွေးနိုင်သည်



၃။ ဆေးလိပ်သောက်ခြင်းကြောင့် ခံတွင်းကင်ဆာဖြစ်နိုင်သည်




၄။ ဆေးလိပ်သောက်ခြင်းကြောင့် သွေးကြောပိတ်၍ ခြေထောက် ဖြတ်ရနိုင်သည်




၅။ ဆေးလိပ်ငွေ့သည် ကလေးများကို ပန်းနာရင်ကျပ်၊ နမိုးနီးယား ပိုဖြစ်စေသည်




## ဆေးပေါင်း၊ နှပ်ဆေး၊ ကွမ်းစားဆေးစသည့် ဆေးရွက်ကြီးထွက်ပစ္စည်းများ၏ ထုပ်ပိုးပစ္စည်းများပေါ်တွင် ပုံနှိပ်ဖော်ပြရမည့် ကျန်းမာရေး သတိပေးရုပ်ပုံနှင့် စာသားများ


၁။ ကွမ်းစားခြင်းကြောင့် ပါးစောင်ကင်ဆာဖြစ်နိုင်သည်





၂။ ကွမ်းစားခြင်းကြောင့် လမစေ့၊ ပေါင်မပြည့်ကလေး မွေးနိုင်သည်



၃။ ကွမ်းစားခြင်းကြောင့် လျှာကင်ဆာဖြစ်နိုင်သည်




၄။ ကွမ်းစားခြင်းကြောင့် ခံတွင်းကင်ဆာဖြစ်နိုင်သည်



၅။ ကွမ်းစားခြင်းကြောင့် လည်ချောင်းကင်ဆာဖြစ်နိုင်သည်

